## အကျိုးဝင်သည့်ဝင်ငွေများ

- ❖ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းဆိုသည်မှာ မိမိကျွမ်းကျင်သည့် လုပ်ငန်းကို အခကြေးငွေယူ၍ လုပ်ကိုင်ပေးသော ဝန်ဆောင်မှုတစ်ရပ် ဖြစ်ပါသည်။ ဥပမာ–ဆရာဝန်၊ သူနာပြု၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ အနုပညာသည်၊ စာရင်းကိုင်၊ စာရင်းစစ်၊ ဗေဒင်ဆရာ၊ ကျောင်းဆရာ စသည်တို့က အခကြေးငွေယူပြီး ဆောင်ရွက်ပေးသည့်လုပ်ငန်းကို ဆိုလိုသည်။
- ❖ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေမှာ လစာမဟုတ်သော အခကြေးငွေအဖြစ် ရရှိသည့်ဝင်ငွေဖြစ်ပါသည်။
- ❖ မိမိကျွမ်းကျင်သည့်ပညာကို အခြေခံပြီး လုပ်ကိုင်ခြင်းမှန်သော်လည်း နေ့စဉ်(သို့မဟုတ်)လစဉ်ပုံသေလုပ်ခ(သို့မဟုတ်)လစာရယူ၍ လုပ်ကိုင်ခြင်း ဖြစ်လျှင် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေမဟုတ်ဘဲ “လစာ”မှ ဝင်ငွေသာဖြစ်ပါသည်။
- ❖ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းကို ကိုယ်တိုင်မလုပ်ကိုင်ဘဲ အခြားသူအား ငှားရမ်းလုပ်ကိုင်လျှင် ထိုလုပ်ငန်းကို စီးပွားရေးလုပ်ငန်းခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်။








## ကုန်သွယ်လုပ်ငန်းခွန်ကျသင့်ခြင်း

- ❖ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် နှစ်စဉ်ပြဋ္ဌာန်း သတ်မှတ်ထားသည့် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေသည့် ဝန်ဆောင်မှုများ တွင်မပါရှိသည့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေရရှိသူများအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန် ၅% ကျသင့်မည်ဖြစ်ပါသည်။ (ဥပမာ–အခွန်ဆိုင်ရာ၊ စာရင်းဆိုင်ရာ၊ ဥပဒေဆိုင်ရာ၊ ဆောက်လုပ်ရေးဆိုင်ရာအကြံပေး ဆောင်ရွက်ခရငွေ)၊
- ❖ ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ဃ)တွင် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ဝန်ဆောင်မှုများကို ပြဋ္ဌာန်းထားပါသည်။

## အခွန်နှုန်း

- ❖ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် အောက်ဖော်ပြပါ အခွန်နှုန်းများဖြင့် တွက်ချက်ရမည်ဖြစ်ပါသည်–

| စဉ် | အခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | နှုန်း | ကျသင့် အခွန် | အဆင့်ဆင့် ကျသင့်အခွန် |
|---|---|---|---|---|---|
| | ကျပ်(မှ) | ကျပ်(ထိ) | | | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀ % | ၀ | ၀ |
| ၂ | ၂,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၅ % | ၄၀၀,၀၀၀ | ၄၀၀,၀၀၀ |
| ၃ | ၁၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၁၀ % | ၂,၀၀၀,၀၀၀ | ၂,၄၀၀,၀၀၀ |
| ၄ | ၃၀,၀၀၀,၀၀၁ | ၅၀,၀၀၀,၀၀၀ | ၁၅ % | ၃,၀၀၀,၀၀၀ | ၅,၄၀၀,၀၀၀ |
| ၅ | ၅၀,၀၀၀,၀၀၁ | ၇၀,၀၀၀,၀၀၀ | ၂၀ % | ၄,၀၀၀,၀၀၀ | ၉,၄၀၀,၀၀၀ |
| ၆ | ၇၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ % | | |

## စာရင်းထားရှိခြင်း

- ❖ သက်ဆိုင်ရာဝင်ငွေနှစ်အတွက် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေများနှင့် ထိုနှစ်အတွင်း လုပ်ငန်းအတွက် ကုန်ကျသည့်စရိတ်များကို ဖော်ပြသည့်စာရင်း၊ မှတ်တမ်းနှင့် စာတမ်းအမှတ်အသားများ၊ ဘဏ္ဍာရေးရှင်းတမ်းများကို ထိန်းသိမ်းထားရှိရမည်။

## ဝင်ငွေတွက်ချက်ခြင်း

- ❖ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေကိုတွက်ချက်ရာတွင် ဝင်ငွေရရှိရန်ကုန်ကျစရိတ်များနှင့် ပစ္စည်းတန်ဖိုးလျော့ငွေကို နုတ်ပယ်ပေးပါသည်။ ဝင်ငွေမှကုန်ကျစရိတ်နုတ်ပယ်ပြီးသည့် အသားတင်ဝင်ငွေအပေါ် သက်သာခွင့်များနုတ်ပယ်ပြီး သတ်မှတ်အခွန်နှုန်းဖြင့် အခွန်တွက်ချက်ပါသည်။ သို့ရာတွင် အောက်ပါတို့ကို နုတ်ပယ်ခွင့်မပြုပါ–
  - ▪ မတည်စရိတ်၊
  - ▪ ကိုယ်ရေးကိုယ်တာစရိတ်၊
  - ▪ လုပ်ငန်းပမာဏနှင့်မမျှအောင် များသည့်စရိတ်၊

## ကုန်ကျစရိတ်နုတ်ပယ်ခြင်း

အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းသည် အတတ်ပညာ၊ အသိပညာတို့ကို အရင်းအနှီးပြု၍ လုပ်ကိုင်ရသဖြင့် လုပ်ငန်းသဘာဝကိုလိုက်၍ ခွင့်ပြုရမည့်စရိတ်များမှာလည်း ပြောင်းလဲမှုရှိနိုင်ပါသည်။ ဆရာဝန်တစ်ဦး၏ စရိတ်နှင့်ရှေ့နေတစ်ဦး၏ စရိတ်တူညီနိုင်မည်မဟုတ်ပါ။ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းအားလုံးနှင့် အကျုံးဝင်မည့်စရိတ်များကို ပုံသေသတ်မှတ်ပေးထားခြင်းမရှိပါ။




## အခွန်ဆိုင်ရာဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း

အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာအခွန်ရုံးများနှင့် ဆက်သွယ်၍ အခွန်ဆိုင်ရာဥပဒေများနှင့်အညီ အောက်ပါကိစ္စရပ်များအား မပျက်မကွက် လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်–

- ➢ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သော လုပ်ငန်းဖြစ်ပါက လစဉ်ကျသင့်သော အခွန်ပေးသွင်းခြင်းနှင့်သုံးလတစ်ကြိမ် ကြေညာလွှာတင်သွင်းခြင်း၊
- ➢ သက်ဆိုင်ရာသုံးလပတ်အလိုက် ကြိုတင်ဝင်ငွေခွန် ပေးသွင်းခြင်း
- ➢ ဆိုင်ရာဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး သုံးလအတွင်းအခွန်ဆိုင်ရာ ကြေညာလွှာများ တင်သွင်းခြင်း၊
- ➢ မိမိ၏ ဝင်ငွေအသုံးစရိတ်နှင့်ပတ်သက်သည့် အထောက်အထား စာရင်းများတင်ပြ၍ စည်းကြပ်မှုခံယူခြင်း၊
- ➢ ကျသင့်အခွန်ကို သတ်မှတ်ကာလအတွင်း မပျက်မကွက် ပေးသွင်းခြင်း။

## သက်သာခွင့်များ

အခွန်ထမ်းများရရှိသော သက်သာခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

- အခြေခံသက်သာခွင့်စုစုပေါင်းဝင်ငွေ၏ – ၂၀ ရာခိုင်နှုန်း (ကျပ်သိန်း ၁၀၀ ထက်မပိုစေရ)
- အတူနေမိဘတစ်ဦးလျှင် – ကျပ် ၁၀ သိန်းစီ
- အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် – ကျပ် ၁၀ သိန်း
- သားသမီးတစ်ဦးလျှင် – ကျပ် ၅ သိန်းစီ (အိမ်ထောင်မရှိ/ ဝင်ငွေခွန်ထိုက်သင့်သည့် ဝင်ငွေမရရှိသူ/ အသက် ၁၈ နှစ်အောက်/ အသက် ၁၈ နှစ် ပြည့်ပြီးသော်လည်း အချိန်ပြည့် ပညာသင်ကြားလျက်ရှိသူ)
- အခွန်ထမ်းနှင့်အိမ်ထောင်ဖက်တို့၏ အသက်အာမခံပရီမီယံ ပေးသွင်းငွေ
- လူမှုဖူလုံရေးရန်ပုံငွေထည့်ဝင်ငွေ(အခွန်ထမ်းအတွက်သာ)

## တွက်ချက်မှု(နမူနာ)

ဒေါ်သူချစ်ခင်သည် ရုပ်ရှင်နှင့်ကြော်ငြာသရုပ်ဆောင်တစ်ဦးဖြစ်ပါသည်။ ရုပ်ရှင်ကားကြီးတစ်ကားအတွက် သရုပ်ဆောင်ခရငွေမှာ ကျပ်သိန်း (၅၀)၊ ကြော်ငြာတစ်ခုအတွက် ကျပ်(၁၅)သိန်း ရရှိပါသည်။ နှစ်တစ်နှစ်အတွင်း ရုပ်ရှင်ကားကြီး(၈)ကားနှင့်ကြော်ငြာ(၁၀)ခု ရိုက်ကူးခဲ့ရသဖြင့် တစ်နှစ်အတွင်း သရုပ်ဆောင်ခကျပ်သိန်း(၅၅၀)ရရှိခဲ့ပြီး၊ ခရီးသွားလာစရိတ် ကျပ်(၁၅)သိန်း၊ အလှပြင်စရိတ် ကျပ် (၂၅)သိန်း ၊ သရုပ်ဆောင်ဆိုင်ရာ အဝတ်အထည်စရိတ် ကျပ်(၃၅)သိန်း၊ အလုပ်လက်ခံဆောင်ရွက်ရန် မန်နေဂျာတစ်ဦး ခန့်ထားပြီး တစ်လလျှင် လစာငွေ ကျပ်(၅)သိန်းဖြင့် ကျပ်(၆၀)သိန်း၊ အထွေထွေစရိတ် ကျပ် (၅)သိန်း၊ စုစုပေါင်းကုန်ကျစရိတ် ကျပ်သိန်း(၁၄၀)ဖြစ်သဖြင့် အသုံးစရိတ်များ နုတ်ပယ်ပြီးသည့် အသားတင်ဝင်ငွေမှာ ကျပ်သိန်း(၄၁၀)ရရှိသည်ကို တွေ့ရှိရပါသည်။ ဒေါ်သူချစ်ခင်သည် မိခိုသူမိဘ(၂)ဦးရှိပြီး အိမ်ထောင်မရှိသူဖြစ်ပါသည်။ ဒေါ်သူချစ်ခင်၏ သရုပ်ဆောင်ခြင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်းမှဝင်ငွေကို အောက်ပါအတိုင်း ဝင်ငွေခွန်တွက်ချက်ရပါမည်–

| | | |
|---|---|---|
| သရုပ်ဆောင်ခရငွေစုစုပေါင်း | | = ၅၅,၀၀၀,၀၀၀ ကျပ် |
| **(နုတ်)ကုန်ကျစရိတ်များ** | | |
| ခရီးသွားလာစရိတ် | = ၁,၅၀၀,၀၀၀ ကျပ် | |
| အလှပြင်စရိတ် | = ၂,၅၀၀,၀၀၀ ကျပ် | |
| အဝတ်အထည်စရိတ် | = ၃,၅၀၀,၀၀၀ ကျပ် | |
| အထွေထွေစရိတ် | = ၅၀၀,၀၀၀ ကျပ် | |
| မန်နေဂျာစရိတ် | = ၆,၀၀၀,၀၀၀ ကျပ် | |
| စုစုပေါင်းလုပ်ငန်းအတွက်ကုန်ကျစရိတ် | | =(၁၄,၀၀၀,၀၀၀)ကျပ် |
| စုစုပေါင်းဝင်ငွေ | | = ၄၁,၀၀၀,၀၀၀ ကျပ် |
| **(နုတ်)သက်သာခွင့်များ** | | |
| အခြေခံသက်သာခွင့် (ဝင်ငွေ၏ ၂၀% ကျပ်သိန်း ၁၀၀ ထက် မပိုရ) | = ၈,၂၀၀,၀၀၀ ကျပ် | |
| အတူနေမိဘ(၂)ဦးအတွက် သက်သာခွင့် | = ၂,၀၀၀,၀၀၀ ကျပ် | |
| အိမ်ထောင်ဖက်အတွက် | = - | |
| သားသမီးအတွက် | = - | |
| စုစုပေါင်းသက်သာခွင့်များ | | =(၁၀,၂၀၀,၀၀၀)ကျပ် |
| အခွန်စည်းကြပ်ရန်ဝင်ငွေ | | = ၃၀,၈၀၀,၀၀၀ ကျပ် |
| ကျသင့်အခွန် | | = ၂,၅၂၀,၀၀၀ ကျပ် |

**ဝင်ငွေအလွှာလိုက်အပေါ် ကျသင့်အခွန် တွက်ချက်ခြင်း**


| | |
|---|---|
| ၁ မှ ၂,၀၀၀,၀၀၀ အထိ(၂,၀၀၀,၀၀၀ X ၀%) | = ၀ ကျပ် |
| ၂,၀၀၀,၀၀၁ မှ ၁၀,၀၀၀,၀၀၀ အထိ(၈,၀၀၀,၀၀၀ X ၅%) | = ၄၀၀,၀၀၀ ကျပ် |
| ၁၀,၀၀၀,၀၀၁ မှ ၃၀,၀၀၀,၀၀၀ အထိ(၂၀,၀၀၀,၀၀၀ X ၁၀%) | = ၂,၀၀၀,၀၀၀ ကျပ် |
| ၃၀,၀၀၀,၀၀၁ မှ ၃၀,၈၀၀,၀၀၀ အထိ(၈၀၀,၀၀၀ X ၁၅%) | = ၁၂၀,၀၀၀ ကျပ် |

အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (ရန်ကုန်)၊ အမှတ်–၁၂၈/၁၃၂(ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၁–၈–၃၈၉၃၁၁ ၊ ဖုန်း–၀၁–၈–၃၈၉၃၂၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ၆၅ လမ်း ၊ ၂၂x၂၃လမ်းကြား၊ဖုန်း–၀၂–၄၀၃၀၁၉၂၊၀၂–၄၀၃၀၆၃၈၊ ၀၂–၄၀၃၀၆၃၉ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ဖုန်း–၀၆၇–၃၄၃၀၅၂၂ ၊၀၆၇–၃၄၃၀၅၄၄ သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့်ပုံစံများကိုလည်း download ရယူနိုင်ပါသည်။

Tax Education Update

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

## “ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းခေါင်းစဥ်မှ အခွန်ပေးဆောင်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ ”




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

ပြည်တွင်းအခွန်များဦးစီးဌာန
ရုံးအမှတ်(၄၆)၊နေပြည်တော်
https://www.ird.gov.mm

**“ Tax by the Law, Service by our Heart ”**

Version 03/07/2023